ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

# စက်မှုဇုန်နည်းဥပဒေများ

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
၂၀၂၄ ခုနှစ် ဧပြီလ ၂ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

# စက်မှုဇုန်နည်းဥပဒေများ

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
၂၀၂၄ ခုနှစ်၊ ဧပြီလ (၂) ရက်

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂) | ဗဟိုကော်မတီ ဖွဲ့စည်းခြင်း | ၃ |
| ၃။ | အခန်း (၃) | ဒေသဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၅ |
| ၄။ | အခန်း (၄) | စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၈ |
| ၅။ | အခန်း (၅) | စီမံခန့်ခွဲရေးကော်မတီရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၁၃ |
| ၆။ | အခန်း (၆) | ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၁၆ |
| ၇။ | အခန်း (၇) | ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေး ဆပ်ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ | ၁၈ |
| ၈။ | အခန်း (၈) | ဗဟိုကော်မတီ၊ ဒေသဆိုင်ရာကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်း | ၂၀ |
| ၉။ | အခန်း (၉) | စက်မှုဇုန်များတွင် ဆောင်ရွက်ခွင့်မပြုသည့် လုပ်ငန်းများ | ၂၀ |
| ၁၀။ | အခန်း (၁၀) | စက်မှုဇုန်များတွင် ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ | ၂၂ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၁။ | အခန်း (၁၁) | စက်မှုဇုန်တည်ထောင်ခြင်း | ၂၃ |
| ၁၂။ | အခန်း (၁၂) | မြေအသုံးချခြင်း | ၂၆ |
| ၁၃။ | အခန်း (၁၃) | စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်း | ၃၃ |
| ၁၄။ | အခန်း (၁၄) | စက်မှုဇုန်သတ်မှတ်ကြေညာခြင်း | ၃၆ |
| ၁၅။ | အခန်း (၁၅) | စက်မှုဇုန်ပြင်ပရှိ လုပ်ငန်းများအား စက်မှုဇုန်အတွင်းသို့ ပြောင်းရွှေ့ခြင်း | ၃၆ |
| ၁၆။ | အခန်း (၁၆) | ပတ်ဝန်းကျင်နှင့် စွမ်းအင်စီမံခန့်ခွဲမှု အစီအစဉ်များ ရေးဆွဲခြင်း | ၃၈ |
| ၁၇။ | အခန်း (၁၇) | နိုင်ငံခြားသားကျွမ်းကျင်အလုပ်သမားများနှင့် ပညာရှင်များခန့်ထားခြင်း | ၄၀ |
| ၁၈။ | အခန်း (၁၈) | စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း | ၄၁ |
| ၁၉။ | အခန်း (၁၉) | အယူခံခြင်း | ၄၂ |
| ၂၀။ | အခန်း (၂၀) | အထွေထွေ | ၄၂ |
| ၂၁။ | ပုံစံ(က) | | ၄၄ |
| ၂၂။ | ပုံစံ(ခ) | | ၄၈ |
| ၂၃။ | ပုံစံ(ဂ) | | ၄၉ |
| ၂၄။ | ပုံစံ(ဃ) | | ၅၀ |
| ၂၅။ | ပုံစံ(င) | | ၅၃ |
| ၂၆။ | ပုံစံ(စ) | | ၅၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၅ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

( ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂ ရက် )

စက်မှုဝန်ကြီးဌာနသည် စက်မှုဇုန်ဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်-

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **စက်မှုဇုန်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် စက်မှုဇုန်ဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ စက်မှုဇုန်ဥပဒေကို ဆိုသည်။

( ခ ) **ဦးစီးဌာန** ဆိုသည်မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ကို ဆိုသည်။

( ဂ ) **အဆိုပြုချက်** ဆိုသည်မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူ ကဖြစ်စေ၊ စက်မှုဇုန်အသစ်တည်ထောင်ရေးအတွက် သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့ တင်ပြသည့် အဆိုပြုချက်ကို ဆိုသည်။

(ဃ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဒေသဆိုင်ရာကော်မတီက ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဈ)၊ (ဎ) သို့မဟုတ် (ဏ) တို့ပါ ကိစ္စရပ်အတွက် ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

( င ) **ထောက်ခံချက်** ဆိုသည်မှာ စက်မှုဇုန်လုပ်ငန်း လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးကော်မတီက ထုတ်ပေးသည့်ထောက်ခံချက်ကို ဆိုသည်။

( စ ) **မြေငှားရမ်းခ** ဆိုသည်မှာ စက်မှုဇုန်လုပ်ငန်းများ ဖော်ဆောင်ရန် လုပ်ငန်းသဘောတူ စာချုပ်အရ ရင်းနှီးတည်ဆောက်သူက ဒေသဆိုင်ရာကော်မတီသို့ ပေးသွင်းရသော အဖိုးအခကို ဆိုသည်။

(ဆ) **မြေအသုံးပြုခ** ဆိုသည်မှာ စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် ရင်းနှီးတည်ဆောက်သူက ရင်းနှီးမြှုပ်နှံသူသို့ ထပ်ဆင့်မြေအငှားချထားရာတွင် ရင်းနှီးမြှုပ်နှံသူက ပေးချေရသော အဖိုးအခကို ဆိုသည်။

( ဇ ) **စက်မှုဇုန်ဖွံ့ဖြိုးရေးရန်ပုံငွေ** ဆိုသည်မှာ ဒေသဆိုင်ရာကော်မတီက စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ အကူအညီထောက်ပံ့ငွေ၊ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ည) နှင့် (ဋ) အရ ရရှိသည့် ရငွေများနှင့် အခြားရရှိငွေများဖြင့် ထူထောင်ထားရှိသော ရန်ပုံငွေကို ဆိုသည်။

( ဈ ) **စက်မှုဇုန်ရန်ပုံငွေ** ဆိုသည်မှာ စီမံခန့်ခွဲရေးကော်မတီက ရင်းနှီးမြှုပ်နှံသူများ၏ အချိုးကျ ထည့်ဝင်ငွေများ၊ ဒဏ်ကြေးငွေ

များနှင့် အခြားရငွေများဖြင့် ထူထောင်ထားရှိသော ရန်ပုံငွေကို ဆိုသည်။

(ည) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။

## အခန်း (၂)

## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ (ခ) တို့နှင့်အညီ ဗဟိုကော်မတီကို ဥပဒေပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်<br>ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား<br>ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |

( င ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

( စ ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

( ဇ ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

( ဈ ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဋ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ဌ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

( ဍ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( ဎ ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
စက်မှုဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန စက်မှုဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

## အခန်း (၃)
## ဒေသဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ဗဟိုကော်မတီသည် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) တို့နှင့်အညီ ဒေသဆိုင်ရာကော်မတီကို ဥပဒေပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် အလို့ငှာ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် — နာယက

( ခ ) နေပြည်တော်ကောင်စီဝင် သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး — ဥက္ကဋ္ဌ

( ဂ ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ — အဖွဲ့ဝင်

(ဃ) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများ — အဖွဲ့ဝင်

( င ) ဒေသဆိုင်ရာကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

( စ ) သက်ဆိုင်ရာ တိုင်းဒေသကြီး တွဲဖက်အတွင်းရေးမှူး
သို့မဟုတ် ပြည်နယ်
သို့မဟုတ် ပြည်ထောင်စုနယ်မြေ
စက်မှုကြီးကြပ်ရေးနှင့်
စစ်ဆေးရေးဦးစီးဌာန၊ ဦးစီးဌာနမှူး

၅။ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဃ) အရ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းရာတွင် သက်ဆိုင်ရာဒေသရှိ စက်မှုဇုန်တစ်ခုမှ တစ်ဦးစီဖြင့် အများဆုံးငါးဦး ပါဝင်စေရမည်။ စက်မှုဇုန် ငါးခုထက်ပိုသော ဒေသများတွင် ယင်းဇုန်များအားလုံးကို တတ်နိုင်သမျှ ကိုယ်စားပြုပါဝင်စေရန် ဖွဲ့စည်းရမည်။

၆။ ဒေသဆိုင်ရာကော်မတီသည်-

(က) ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အရ စက်မှုဇုန်အသစ်များ ပေါ်ပေါက်စေရန် ဖော်ဆောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လုပ်ငန်းအမျိုးတူ အစုအဖွဲ့အလိုက် စနစ်တကျ နေရာချထားပေးရမည်။

( ခ ) ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဈ) အရ ရင်းနှီးမြှုပ်နှံသူများက ဥပဒေပုဒ်မ ၂၄ ပါ လုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားသည့်အခါ အောက်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ကိုက်ညီပါက သက်ဆိုင်ရာလုပ်ငန်းများအတွက် ပုံစံ (ခ) ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်-

(၁) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် နည်းလမ်းတကျ လျှောက်ထားခြင်း၊

(၂) သက်ဆိုင်ရာဥပဒေများအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့် အထောက်အထား ရရှိသူဖြစ်ခြင်း၊

(၃) နည်းဥပဒေ ၃၂ အရ စက်မှုဇုန်အတွင်း ဆောင်ရွက်ခွင့် မပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း မဟုတ်ခြင်း၊

(၄) နည်းဥပဒေ ၃၃ အရ စက်မှုဇုန်အတွင်း ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်ခြင်း၊

(၅) ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းအတွက် အဆိုပြုချက်ကို ပြည့်စုံစွာ တင်ပြထားခြင်း၊

(၆) အမည်ပျက်မရှိခြင်း။

( ဂ ) ပေါ်ပေါက်လာမည့် အခြေအနေနှင့် လိုအပ်ချက်များအရ စက်မှုဇုန် တစ်ခုခုအတွင်း ဆက်လက်ထားရှိရန် မသင့်လျော်သော စက်မှု လုပ်ငန်းများအား သင့်လျော်သည့် စက်မှုဇုန်သို့ ပြောင်းရွှေ့စေရေး စီမံဆောင်ရွက်ရမည်။

(ဃ) ရင်းနှီးမြှုပ်နှံသူများက စက်မှုဇုန်ဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် ထည့်ဝင်ရမည့် အချိုးကျ ထည့်ဝင်ငွေ ပမာဏအား ဘဏ္ဍာရေးနှစ် အလိုက် သတ်မှတ်ရမည်။

( င ) စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ကျူးလွန်သောပြစ်မှု နှင့်လျော်ညီသည့် အမြင့်ဆုံးချမှတ်နိုင်သော ဒဏ်ငွေပမာဏကို သတ်မှတ်ရမည်။

( စ ) ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးဆပ်ကော်မတီက အများဆုံး သုံးစွဲနိုင်သည့် ငွေပမာဏကို သတ်မှတ်ရမည်။

(ဆ) တည်ထောင်ပြီး စက်မှုဇုန်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်လျက် နှစ်အလိုက်စီမံကိန်းများ ချမှတ်၍ ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်ရမည်။

( ဓ ) ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဠ) အရ ဗဟိုကော်မတီက သတ်မှတ်သည့် ရာခိုင်နှုန်းအတိုင်း နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းရမည့် ငွေများကို နိုင်ငံတော်သို့ မပျက်မကွက် ပေးသွင်းရမည်။

## အခန်း (၄)

## စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ဒေသဆိုင်ရာကော်မတီသည် ဥပဒေပုဒ်မ ၈ နှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းရာတွင်-

(က) တည်ထောင်ပြီး စက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များ၌ ရင်းနှီးမြှုပ်နှံသူ ကိုယ်စားလှယ်များဖြင့် စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် စက်မှုဇုန်အဖြစ် သတ်မှတ်ကြေညာသည့်နေ့မှ တစ်လအတွင်း ရွေးချယ်ရေးအဖွဲ့ကို သင့်လျော်သော ဒေသဆိုင်ရာကော်မတီ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

( ခ ) သက်ဆိုင်ရာ စက်မှုဇုန်အလိုက် စီမံခန့်ခွဲရေးကော်မတီတစ်ရပ်စီကို ရင်းနှီးမြှုပ်နှံသူများက မိမိတို့ထဲမှ ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

( ဂ ) နည်းဥပဒေခွဲ (ခ) ပါ ရင်းနှီးမြှုပ်နှံသူများက ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များထဲမှ တစ်ဦးကို အဖွဲ့ဝင်များ၏ဆန္ဒဖြင့် ရွေးချယ်ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) ပါ အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အများဆန္ဒအရ ရွေးချယ်တာဝန်ပေးအပ်ရမည်။

( င ) ရင်းနှီးမြှုပ်နှံသူ ကိုယ်စားလှယ်များအနက်မှ စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များအား ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတအောင် ရွေးချယ်ရေးအဖွဲ့က ဆောင်ရွက်နိုင်ရန် ကြီးကြပ်ရမည်။

( စ ) နည်းဥပဒေခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့အရ တင်ပြသည့် ကိုယ်စားလှယ်များ၊ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး တို့အား နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းသည့် ရွေးချယ်ရေး အဖွဲ့က လေးလအတွင်း ရွေးချယ်တင်ပြခြင်းအပေါ် အတည်ပြု နိုင်သည် သို့မဟုတ် ပြင်ဆင်နိုင်သည်။

(ဆ) စီမံခန့်ခွဲရေးကော်မတီဝင် အရေအတွက်၏ သုံးပုံတစ်ပုံကို နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းရမည်။

( ဇ ) စီမံခန့်ခွဲရေးကော်မတီကို ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး ၁၅ ဦး မှ အများဆုံး ၂၁ ဦး အထိ မဂဏန်းဖြင့် ဖွဲ့စည်းရမည်။

( ဈ ) စက်မှုဇုန်အဖြစ် သတ်မှတ်ကြေညာသည့်နေ့မှ ခြောက်လအတွင်း သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီကို ဖွဲ့စည်းရမည်။

(ည) ကော်မတီဝင်များ လစ်လပ်သည့်အခါ အစားထိုးခန့်ထားခြင်းကို နည်းဥပဒေခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

( ဋ ) စီမံခန့်ခွဲရေးကော်မတီအား ပြန်လည်ဖွဲ့စည်းနိုင်ရန် သက်တမ်း ကုန်ဆုံးမည့်နေ့မတိုင်မီ ခြောက်လကြိုတင်၍ ဆောင်ရွက်ရမည်။

၈။ ဒေသဆိုင်ရာကော်မတီသည် နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (ဆ) အရ စီမံခန့်ခွဲရေးကော်မတီတွင် နိုင်ငံ့ဝန်ထမ်းများအား ထည့်သွင်းဖွဲ့စည်းနိုင်ရေးအတွက် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို သက်ဆိုင်ရာစက်မှုဇုန်တည်ရှိသည့် ခရိုင်၊ မြို့နယ်အဆင့် နိုင်ငံ့ဝန်ထမ်းများကို ရွေးချယ်တင်ပြစေပြီး ယင်းတင်ပြသည့် နိုင်ငံ့ဝန်ထမ်းများအနက် သင့်လျော်သူများကို ရွေးချယ်၍ ထည့်သွင်းဖွဲ့စည်းရမည်။

၉။ စီမံခန့်ခွဲရေးကော်မတီဝင်အဖြစ် ရွေးချယ်ခံမည့် ရင်းနှီးမြှုပ်နှံသူများသည်-

(က) မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) စက်မှုဇုန်တွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံသူ ဖြစ်ရမည်။

(ဂ) အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ဃ) စက်မှုဇုန်များနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

(င) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ဆောင်ရွက်နိုင်ပြီး အစည်းအဝေးများသို့ မပျက်မကွက် တက်ရောက်နိုင်သူ ဖြစ်ရမည်။

(စ) ဒေသဆိုင်ရာကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီက ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) အမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်းခံရသည့် စီးပွားရေးလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံသူ မဖြစ်စေရ။

၁၀။ တာဝန်မှ နုတ်ထွက်လိုသော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် စီမံခန့်ခွဲရေးကော်မတီဝင်များသည် မည်သည့်အတွက် နုတ်ထွက်လိုကြောင်း ခိုင်လုံသော

အကြောင်းပြချက်ဖြင့် ၄၅ ရက် ကြိုတင်၍ ဒေသဆိုင်ရာကော်မတီသို့ နည်းလမ်းတကျ တင်ပြအတည်ပြုချက်ရယူရမည်။

၁၁။ စီမံခန့်ခွဲရေးကော်မတီသည် ရန်ပုံငွေသုံးစွဲရာတွင် သက်ဆိုင်ရာ စက်မှုဇုန်များဖွံ့ဖြိုးရေးနှင့်စပ်လျဥ်း၍ လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၁၂။ စီမံခန့်ခွဲရေး ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ဒေသဆိုင်ရာကော်မတီက သတ်မှတ်သည့် ရင်းနှီးမြှုပ်နှံသူများ၏ အချိုးကျထည့်ဝင်ငွေများကို စက်မှုဇုန် ရန်ပုံငွေစာရင်းတွင် ထည့်သွင်းခြင်း၊

(ခ) စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများထံမှ ရရှိသော ဒဏ်ကြေးငွေများကို စက်မှုဇုန် ရန်ပုံငွေစာရင်းတွင် ထည့်သွင်းခြင်း၊

(ဂ) စက်မှုဇုန်အတွင်း စုပေါင်းစနစ်ဖြင့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်းသန့်စင်၍ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသော နည်းလမ်းများဖြင့် စွန့်ပစ်ခြင်းအတွက် ကုန်ကျစရိတ်များကို စွန့်ပစ်ပစ္စည်းထွက်ရှိမှု ပမာဏအလိုက် နှုန်းထားများကို သတ်မှတ်ခြင်း၊

(ဃ) လိုအပ်ပါက စက်မှုလုပ်ငန်းသုံးရေ စုပေါင်းသန့်စင်စနစ် (Central Raw Water Treatment Plant) ကို သက်ဆိုင်ရာစက်မှုဇုန်တွင် ရင်းနှီးတည်ထောင်သူအား ထည့်သွင်းတည်ဆောက်စေပြီး သတ်မှတ်နှုန်းထားဖြင့် စက်မှုလုပ်ငန်းသုံးရေအား စနစ်တကျ ဖြန့်ဝေသုံးစွဲရေး ဆောင်ရွက်ခြင်း၊

( င ) စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာဌာနများသို့ ပုံစံ (ဂ) ဖြင့် ထောက်ခံချက်များ ထုတ်ပေးခြင်း၊

( စ ) ဒေသဆိုင်ရာကော်မတီက သတ်မှတ်ထားသော ဒဏ်ငွေပမာဏ နှင့်အညီ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်ခြင်း။

၁၃။ စီမံခန့်ခွဲရေးကော်မတီသည် ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စက်မှုဇုန်အတွင်း ခွင့်ပြုထားသည့် စက်သုံးဆီဆိုင်များ၊ စားသောက်ဆိုင်များ၊ ဆိုင်ခန်းများ၊ ဆေးပေးခန်းများ၊ သင်တန်း ကျောင်းများ၊ သိုလှောင်ရုံများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့သော ရောင်းဝယ်ရေး လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် အထောက်အကူပြုလုပ်ငန်း များကို သတ်မှတ်ရန်ပုံငွေကောက်ခံ၍ စက်မှုဇုန်ရန်ပုံငွေ စာရင်းတွင် ထည့်သွင်းခြင်း၊

( ခ ) သီးခြားဆောင်ရွက်မည့် လုပ်ငန်းတစ်ခုခုအတွက် ကောက်ခံသည့် ရန်ပုံငွေများကို အဆိုပါလုပ်ငန်းအတွက်သာ ကျခံသုံးစွဲခြင်း။

## အခန်း (၅)

## စီမံခန့်ခွဲရေးကော်မတီရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၄။ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ည) အရ စီမံခန့်ခွဲရေးကော်မတီသည် မိမိ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | အုပ်ချုပ်ရေးမှူး | (၁) ဦး၊ |
| (ခ) | လက်ထောက်အုပ်ချုပ်ရေးမှူး | (၁) ဦး၊ |
| (ဂ) | စာရင်းကိုင် | (၁) ဦး၊ |
| (ဃ) | ကွန်ပျူတာကျွမ်းကျင်သူ | (၁) ဦး၊ |
| (င) | အထွေထွေ | (၁) ဦး၊ |
| (စ) | လုံခြုံရေးနှင့် သန့်ရှင်းရေး | (၂) ဦး။ |

၁၅။ နည်းဥပဒေ ၁၄ အရ ဖွဲ့စည်းသော ရုံးအဖွဲ့ကို သက်ဆိုင်ရာ စက်မှုဇုန် ရန်ပုံငွေနှင့် ဒေသအခြေအနေပေါ်မူတည်၍ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

၁၆။ စီမံခန့်ခွဲရေးကော်မတီရုံးအဖွဲ့၏ လစာနှင့် စရိတ်များကို စက်မှုဇုန် ရန်ပုံငွေမှ ကျခံရမည်။

၁၇။ စီမံခန့်ခွဲရေးကော်မတီရုံးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ရုံးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်း၊

(ခ) ဟောပြောပွဲများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများအတွက် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးခြင်း၊

(ဂ) စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများ ကျင်းပနိုင်ရန် ဖိတ်ကြားခြင်း၊ အခမ်းအနား ပြင်ဆင်ခြင်း၊ နေရာချထားခြင်း၊ ကြိုဆိုဧည့်ခံခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် မှတ်တမ်းများကို ကော်မတီဝင်များသို့ တင်ပြခြင်း၊ ဖြန့်ဝေခြင်း စသည့် ကိစ္စရပ်များအား ဆောင်ရွက်ခြင်း၊

(ဃ) ဗဟိုကော်မတီ၊ ဒေသဆိုင်ရာကော်မတီနှင့် အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများက ပေးပို့လာသော မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များအား စီမံခန့်ခွဲရေးကော်မတီ လမ်းညွှန်ချက်နှင့်အညီ ရင်းနှီးမြှုပ်နှံသူများသို့ ဖြန့်ဝေပေးခြင်း၊

(င) စက်မှုဇုန်အတွင်း၌ ပေါ်ပေါက်လာသော လုပ်ငန်းကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံသူများထံသို့ အချိန်နှင့်တစ်ပြေးညီ အသိပေး ဆောင်ရွက်ခြင်း၊

(စ) စက်မှုဇုန်အတွင်းရှိ စက်ရုံများစာရင်း၊ စက်ရုံများ၏ ရင်းနှီးမြှုပ်နှံမှု တန်ဖိုး၊ အလုပ်သမားဦးရေစာရင်းများ၊ ကုန်ထုတ်လုပ်မှု၊ စက်စွမ်းအားသုံးစွဲမှု၊ ထုတ်ကုန်အမျိုးအစားနှင့်တန်ဖိုး၊ မြေအသုံးချမှုစာရင်း၊ စက်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ဘဏ်များစာရင်းတို့ကို လစဉ်ပြုစုထားရှိခြင်း၊

(ဆ) စက်မှုဇုန်အတွင်းရှိ စက်ရုံများစာရင်း၊ လည်ပတ်မှုနှင့် ရပ်နားမှု အခြေအနေများကို လစဉ်ပြုစုထားရှိခြင်း၊

(ဇ) စက်မှုဇုန်အတွင်း စက်ရုံများရှိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် မိသားစုဝင်များ စာရင်းကို လစဉ်ပြုစုထားရှိခြင်း၊

(ဈ) ပြုစုထားရှိသည့် စာရင်းဇယားများအား သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တောင်းခံလာပါက အချိန်နှင့် တစ်ပြေးညီ ပေးပို့တင်ပြခြင်း၊

(ည) စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များ၏အခက်အခဲများနှင့် အရေးပေါ် တင်ပြချက်များကို စီမံခန့်ခွဲရေးကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပေးခြင်း၊

(ဋ) စက်မှုဇုန်အတွင်း ကုန်တင်ယာဉ်များ ဝင်ထွက်သွားလာမှု စနစ်တကျရှိစေရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဌ) စက်မှုဇုန်သန့်ရှင်းသာယာလှပရေးကိစ္စများကို ဆောင်ရွက်ခြင်း၊

(ဍ) စီမံခန့်ခွဲရေးကော်မတီ၏ သက်တမ်းပြည့်မြောက်ချိန်တွင် လွှဲပြောင်းပေးမည့်အဖွဲ့က လွှဲပြောင်းလက်ခံမည့်အဖွဲ့အား စက်မှုဇုန်နှင့်သက်ဆိုင်သော ငွေကြေးကိစ္စရပ်များ၊ လုပ်ငန်းကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များအား စာရင်းဇယား ပြည့်စုံတိကျစွာဖြင့် စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရန်စီစဉ်ခြင်း၊ ယင်းအလွှဲအပြောင်းမှတ်တမ်းများအား စနစ်တကျ ထိန်းသိမ်းထားခြင်း၊ စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ အထောက်အကူပြုဆပ်ကော်မတီများအား အလားတူ လွှဲအပ်နိုင်စေရန်အတွက် ဆောင်ရွက်ပေးခြင်း၊

(ဎ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်လိုင်စင်များ၊ မှတ်ပုံတင်များရယူခြင်းဆိုင်ရာ ကိစ္စများအား စာရင်းမှတ်တမ်းပြုစုထားရှိခြင်း၊

(ဏ) စီမံခန့်ခွဲရေးကော်မတီကပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၈။ (က) ဥပဒေပုဒ်မ ၁၈ အရ ဒေသဆိုင်ရာကော်မတီသည် ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့အား ဖွဲ့စည်းရမည်။

( ခ ) ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ ငါးနှစ် ဖြစ်သည်။

၁၉။ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (က) အရ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့အား ဖွဲ့စည်းရာတွင် ဒေသဆိုင်ရာကော်မတီက တာဝန်ပေးအပ်သူတစ်ဦးကို ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စု နယ်မြေအဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများကို အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်။

၂၀။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအဆင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များအနက်မှ ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

၂၁။ (က) ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(၁) ဥပဒေပုဒ်မ ၁၇ အရ စက်မှုဇုန်ဖွံ့ဖြိုးရေးရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းရမည်။

(၂) စက်မှုဇုန်ဖွံ့ဖြိုးရေးရန်ပုံငွေကို ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရမည်။

(၃) လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို သုံးလလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပရမည်။

(၄) လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာမှု ရှိရမည်။

(၅) စာရင်းအင်း ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာ ရေးသွင်းခြင်း၊ ဖြည့်စွက်ခြင်း ပြုရမည်။

(၆) ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဒေသဆိုင်ရာကော်မတီက ရရှိသည့် ပြည်ပအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့ငွေများကို သီးခြားငွေစာရင်းခေါင်းစဉ်ဖြင့် ထားရှိသုံးစွဲရမည်။

(၇) ခြောက်လပတ်အလိုက် ဘဏ္ဍာရေးရှင်းတမ်းကို အနီးကပ်ဆုံး ဒေသဆိုင်ရာကော်မတီကပြုလုပ်မည့် အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

( ခ ) နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၃) အရ ကျင်းပသည့် အစည်းအဝေးတွင် တက်ရောက်ခွင့်ရှိသည့် အဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

၂၂။ ဒေသဆိုင်ရာကော်မတီသည် ရန်ပုံငွေစီမံခန့်ခွဲမှု အဖွဲ့ဝင်တစ်ဦးဦးက ဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ စက်မှုဇုန်ဖွံ့ဖြိုးရေးရန်ပုံငွေကို အလွဲသုံးစား မှုများ ပြုလျှင်သော်လည်းကောင်း၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ

လိုက်နာဆောင်ရွက်မှု မရှိခြင်းကြောင့် ရန်ပုံငွေဆုံးရှုံးမှုများ ပေါ်ပေါက်လျှင် သော်လည်းကောင်း ထိုသို့ပြုလုပ်သူ သို့မဟုတ် ပြုလုပ်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

## အခန်း (၇)

## ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးဆပ်ကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၃။ ဥပဒေပုဒ်မ ၁၉ အရ စီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ (က)၊ (ခ) နှင့် နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ (က) မှ ရငွေများဖြင့် စက်မှုဇုန်ရန်ပုံငွေ ထူထောင်ထားရှိရမည်။

၂၄။ ဥပဒေပုဒ်မ ၂၀ အရ စီမံခန့်ခွဲရေးကော်မတီသည် ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဥက္ကဋ္ဌအပါအဝင် အများဆုံး ငါးဦး ပါဝင်သော ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးဆပ်ကော်မတီကို ဖွဲ့စည်းရမည်။ ဆပ်ကော်မတီဝင် ငါးဦး အနက်မှ တစ်ဦးအား ဥက္ကဋ္ဌတာဝန် ပေးအပ်ရမည်။

၂၅။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးဆပ်ကော်မတီအဖွဲ့တွင် ပါဝင်မည့် စက်မှုဇုန်များမှ ကိုယ်စားလှယ်ရင်းနှီးမြှုပ်နှံသူများသည်-

(က) စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် ဖြစ်ရမည်။

(ခ) ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ ရှိရမည်။

(ဂ) ကျင်းပသော အစည်းအဝေးပွဲများအား မပျက်မကွက် တက်ရောက်နိုင်သူ ဖြစ်ရမည်။

၂၆။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စက်မှုဇုန်ရန်ပုံငွေကို စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရမည်။

( ခ ) သက်ဆိုင်ရာ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့် အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများအတွက် ရန်ပုံငွေများကို စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကျခံသုံးစွဲရမည်။

( ဂ ) လုပ်ငန်းဆိုင်ရာအစည်းအဝေးကို သုံးလလျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။

(ဃ) စက်မှုဇုန်ရန်ပုံငွေများကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးက အတည်ပြုဆုံးဖြတ်ထားသည့် ကိစ္စရပ်များနှင့် ငွေပမာဏအတိုင်း ကျခံသုံးစွဲရမည်။

( င ) အရေးပေါ်သုံးစွဲရမည့်ကိစ္စရပ်နှင့် ယင်းကိစ္စရပ်အတွက် သုံးစွဲရမည့် ငွေပမာဏသတ်မှတ်ချက်ကို စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက် ကြိုတင်ရယူထားရမည်။

( စ ) အရေးပေါ်သုံးစွဲခဲ့သည့် ငွေများကို အနီးကပ်ဆုံးကျင်းပမည့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူရမည်။

(ဆ) ခြောက်လပတ်နှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းကို အနီးကပ်ဆုံး ပြုလုပ်မည့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

၂၇။ ရန်ပုံငွေထိန်းသိမ်းရေးနှင့် သုံးစွဲရေးဆပ်ကော်မတီသည် ဒေသဆိုင်ရာ ကော်မတီက သတ်မှတ်ထားသော အများဆုံးသုံးစွဲနိုင်သည့် ငွေပမာဏ အထိသာ သုံးစွဲရမည်။

## အခန်း (၈)
## ဗဟိုကော်မတီ၊ ဒေသဆိုင်ရာကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများကျင်းပခြင်း

၂၈။ ဗဟိုကော်မတီအစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ်၊ ဒေသဆိုင်ရာကော်မတီအစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ်၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။

၂၉။ ကော်မတီဝင်ဦးရေ၏ သုံးပုံနှစ်ပုံတက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ အစည်းအဝေးတက်ရောက်သည့် ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များချမှတ်ရမည်။

၃၀။ လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကြီးအကဲများ၊ ဘာသာရပ် ကျွမ်းကျင်သူများနှင့် ပြင်ပ ပညာရှင်များကိုလည်း အစည်းအဝေးသို့ ဖိတ်ကြား နိုင်သည်။

၃၁။ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အစည်းအဝေးတက်ရောက်ရန် သုံးကြိမ်ဆက်တိုက် ပျက်ကွက်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင် များသည် အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် ရပ်စဲပြီးဖြစ်ကြောင်း မှတ်ယူ စေရမည်။

## အခန်း (၉)
## စက်မှုဇုန်များတွင် ဆောင်ရွက်ခွင့်မပြုသည့်လုပ်ငန်းများ

၃၂။ စက်မှုဇုန်များတွင် အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင် ခွင့်မရှိစေရ-

(က) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော လုပ်ငန်းများ၊

( ခ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းများ၊

( ဂ ) အများပြည်သူကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက် စေသဖြင့် နိုင်ငံတကာစည်းမျဉ်းများ သို့မဟုတ် ကမ္ဘာ့ကျန်းမာရေး အဖွဲ့က တားမြစ်ပိတ်ပင်ထားသော အဆိပ်သင့်စေသော ဓာတု ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများနှင့် ဓာတုဆေးဝါး များပါဝင်သည့် အခြားပစ္စည်းများ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ၊

(ဃ) နိုင်ငံတကာ စံချိန်စံညွှန်းများ၊ တည်ဆဲဥပဒေများနှင့် ညီညွတ် ခြင်းမရှိသော စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ပြုပြင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊

( င ) လူနေအိမ်ခြေများနှင့် ဟိုတယ်၊ တည်းခိုခန်းများ ဆောက်လုပ်ခြင်း၊ ကာရာအိုကေဆိုင်များ၊ ပျော်ပွဲစားရုံနှင့် ကဇာတ်ရုံများ၊ ရုပ်ရှင် ရုံများ၊ နိုက်ကလပ်များ ဖွင့်လှစ်ခြင်း ကဲ့သို့သော ထုတ်လုပ်မှုနှင့် သက်ဆိုင်ခြင်းမရှိသော လုပ်ငန်းများ၊

( စ ) ဒေသဆိုင်ရာကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်ခွင့်မပြုသည့် အခြားလုပ်ငန်းများ။

## အခန်း (၁၀)

## စက်မှုဇုန်များတွင် ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ

၃၃။ အောက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်-

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များအား တန်ဖိုးမြှင့် ထုတ်လုပ်မှုလုပ်ငန်းများ၊

(ခ) ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်မှုလုပ်ငန်းများ၊ အဆင့်မြင့် နည်းပညာသုံး ထုတ်လုပ်မှုလုပ်ငန်းများ၊ သဘာဝသယံဇာတ အရင်းအမြစ်များကို အခြေခံသော ထုတ်လုပ်မှုလုပ်ငန်းများနှင့် လုပ်သားအခြေပြု ထုတ်လုပ်မှုလုပ်ငန်းများ၊

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိသည့် စက်မှုဇုန်အတွင်း ဆောင်ရွက်နိုင်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများ၊

(ဃ) ကုန်သွယ်မှုဗဟိုဌာနများအပါအဝင် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊

(င) ကုန်သိုလှောင်ရုံစနစ်နှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊

(စ) သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဝန်ဆောင်မှုလုပ်ငန်းများ၊

(ဆ) ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊

(ဇ) လေ့ကျင့်သင်ကြားရေးနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဈ) အကြံပေးလုပ်ငန်းများအပါအဝင် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊

(ည) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်ပစ္စည်း သန့်စင်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၊

( ဋ ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊

( ဌ ) ဒေသဆိုင်ရာကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်ခွင့်ပြုသော အခြားလုပ်ငန်းများ။

## အခန်း (၁၁)
## စက်မှုဇုန်တည်ထောင်ခြင်း

၃၄။ စက်မှုဇုန်အသစ် တည်ထောင်ရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူက ဖြစ်စေ အဆိုပြုချက် ပုံစံ (က) တွင် ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဒေသဆိုင်ရာကော်မတီသို့ လျှောက်ထားရမည်။

၃၅။ ဒေသဆိုင်ရာကော်မတီသည် နည်းဥပဒေ ၃၄ အရ လျှောက်ထားချက်ကို တည်ဆဲဥပဒေများနှင့်အညီ စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဗဟိုကော်မတီသို့ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဆက်လက်တင်ပြရမည်။

၃၆။ ဗဟိုကော်မတီသည် နည်းဥပဒေ ၃၅ အရ ဒေသဆိုင်ရာကော်မတီက တင်ပြလာသော အဆိုပြုချက်အား လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အစိုးရအဖွဲ့သို့ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဆက်လက်တင်ပြရမည်။

၃၇။ ဒေသဆိုင်ရာကော်မတီသည် အစိုးရအဖွဲ့၏ စက်မှုဇုန်တည်ထောင်ရန် အတည်ပြုချက်ရရှိပြီးနောက် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်အစိုးရ၏ အဆိုပြုချက်အရ တည်ထောင်သော စက်မှုဇုန် ဖြစ်ပါက အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(က) စက်မှုဇုန်နယ်နိမိတ်အား စိစစ်တိုင်းတာသတ်မှတ်ရန် သက်ဆိုင်ရာ ဌာနသို့ ညွှန်ကြားခြင်း၊

(ခ) တည်ဆဲဥပဒေများနှင့်အညီ မြေယာစိစစ်ရေး ကိစ္စများအား ဆောင်ရွက်ပြီးပါက ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ ရည်မှန်းချက်၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်များ နှင့် ကိုက်ညီမှုရှိစေရန်ဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဇုန်စီမံကိန်းနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားသည့် ရင်းနှီး တည်ဆောက်သူများအား ဖိတ်ခေါ်ခြင်း၊

(င) စိတ်ဝင်စားမှု လျှောက်လွှာ (Expression Of Interest – EOI) ရလဒ်အပေါ် မူတည်၍ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လျာထားချက်ပြန်လည်ရေးဆွဲခြင်းနှင့် စီမံကိန်းဘဏ် (Project Bank) ဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(စ) ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းများကို ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဆ) စက်မှုဇုန်စီမံကိန်းအား လျာထားချက် မူကြမ်းရေးဆွဲပြီးပါက ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များအား တရားဝင် တင်ဒါခေါ်ယူခြင်း၊

( ဇ ) စီမံကိန်းအကောင်အထည်ဖော်ခြင်း။

၃၈။ ဒေသဆိုင်ရာကော်မတီသည် အစိုးရအဖွဲ့၏ စက်မှုဇုန်တည်ထောင်ရန် အတည်ပြုချက်ရရှိပြီးနောက် ရင်းနှီးတည်ဆောက်သူ၏ အဆိုပြုချက်အရ တည်ထောင်သော စက်မှုဇုန်ဖြစ်ပါက အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်-

(က) စက်မှုဇုန်နယ်နိမိတ်အား စိစစ်တိုင်းတာသတ်မှတ်ရန် သက်ဆိုင်ရာဌာနသို့ ညွှန်ကြားခြင်း၊

( ခ ) တည်ဆဲဥပဒေများနှင့်အညီ မြေယာစိစစ်ရေးကိစ္စများ ဆောင်ရွက်ပြီးပါက ရင်းနှီးတည်ဆောက်သူအား ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊

( ဂ ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ ရည်မှန်းချက်၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိစေရန် ရင်းနှီးတည်ဆောက်သူအား ဆောင်ရွက်စေခြင်း၊

(ဃ) ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရင်းနှီးတည်ဆောက်သူအား လိုက်နာဆောင်ရွက်စေခြင်း၊

( င ) မြေငှားရမ်းမည့် နှစ်ကာလသတ်မှတ်၍ ရင်းနှီးတည်ဆောက်သူအား မြေငှားရမ်းခများ ပေးသွင်းစေခြင်း၊

(စ) ရင်းနှီးတည်ဆောက်သူအား စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်စေခြင်း။

၃၉။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်တည်ထောင်မည့် အဆိုပြုချက်အား အစိုးရအဖွဲ့မှ ငြင်းပယ်သည့် အကြောင်းကြားစာရရှိပါက အဆိုပြုတင်ပြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ရင်းနှီးတည်ဆောက်သူတို့ကို ဆက်လက်အကြောင်းကြားရမည်။

## အခန်း (၁၂)
## မြေအသုံးချခြင်း

၄၀။ စက်မှုဇုန်အသစ် တည်ထောင်ရန် ရင်းနှီးတည်ဆောက်လိုသူသည် စက်မှုဇုန်မြေအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရေးအတွက် မြေအမျိုးအစားပေါ်မူတည်၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၄၁။ စက်မှုဇုန်တည်ထောင်ရန် လျာထားသောမြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အဦများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များ၊ စိုက်ခင်းများ စသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းပေးရန် ရှိပါက ၎င်းတို့ကို ပြောင်းရွှေ့ နေရာချထားခြင်း၊ နစ်နာကြေးပေးခြင်းနှင့် လျော်ကြေးပေးခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်သူက ဖြေရှင်းဆောင်ရွက်ပေးပြီး ဖြစ်ရမည်။

၄၂။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်တည်ထောင်မည့် အဆိုပြုချက်ကို စိစစ်သုံးသပ်ပြီး လိုအပ်သည့် အခြေအနေများကို သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

၄၃။ စက်မှုဇုန်တည်ထောင်ရန် အဆိုပြုချက် တင်ပြသည့် တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ် အပိုင်းအခြားကို အစိုးရအဖွဲ့၏ အတည်ပြုချက် ရရှိပြီးဖြစ်ရမည်။

၄၄။ အစိုးရအဖွဲ့က အတည်ပြုပေးသော မြေနေရာအား နယ်နိမိတ်တိကျစွာ သတ်မှတ်ဖော်ပြခြင်း၊ မြေပုံထုတ်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပြီးမှသာ ရင်းနှီးတည်ဆောက်သူသည် စက်မှုဇုန် တည်ထောင်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရမည်။

၄၅။ ရင်းနှီးတည်ဆောက်သူသည် စက်မှုဇုန်အဖြစ် အသုံးပြုခွင့်ရရှိသော မြေကို အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ အသုံးပြုရမည်-

(က) မြေဧရိယာ၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိကို စက်မှုလုပ်ငန်းနယ်မြေ (Industrial Area) သတ်မှတ်ပြီး ယင်းနယ်မြေတွင် စက်မှုကုန်ထုတ်လုပ်ငန်းများကိုသာ ဆောင်ရွက်စေရမည်။

(ခ) မြေဧရိယာ၏ ၁ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ကုန်သွယ်မှုနယ်မြေ (Commercial Area) သတ်မှတ်ပြီး ယင်းနယ်မြေတွင် ယာဉ်ရပ်နားစခန်းများ၊ သိုလှောင်ရုံများ၊ စက်အရန်ပစ္စည်းအရောင်းဆိုင်များ၊ ရောင်းဝယ်ရေးစင်တာများ၊ ရုံးများ၊ အကောက်ခွန်ကြီးကြပ်မှု ကုန်လှောင်ရုံများကို တည်ဆောက်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်စေရမည်။

(ဂ) မြေရေိယာ၏ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ စက်မှုဇုန် ဝန်ဆောင်မှုနှင့် အထောက်အကူပြု အသုံးချနယ်မြေ (Public Utilities and Assistance Area) သတ်မှတ်ပြီး ယင်းနယ်မြေတွင် စားသောက်ဆိုင်များ၊ ပန်းခြံများ၊ ဘဏ်များ၊ နည်းပညာနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းများ၊ စက်ပစ္စည်းပြင်ဆင်ရေး လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ သတင်းဖြန့်ချိရေး လုပ်ငန်းများ၊ သုတေသနနှင့် ဓာတ်ခွဲခန်းများ၊ စက်သုံးဆီဆိုင်များကို ဆောင်ရွက်စေရမည်။

(ဃ) မြေရေိယာ၏ ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ စိမ်းလန်းနယ်မြေ (Green Belt) သတ်မှတ်ပြီး ယင်းနယ်မြေအတွက် မြေနေရာများသတ်မှတ်ရာတွင် လမ်းများ၏ ဘေးဝဲယာတစ်လျှောက်နှင့် စက်မှုဇုန်ဧရိယာပတ်လည်တွင် တစ်ဆက်တစ်စပ်တည်းရှိရန် ဆောင်ရွက်ရမည်။

၄၆။ ဒေသဆိုင်ရာကော်မတီသည် ရင်းနှီးတည်ဆောက်သူက စီမံကိန်းအား သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား ခြောက်လတစ်ကြိမ် ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည်။

၄၇။ စီမံခန့်ခွဲရေးကော်မတီသည် ရင်းနှီးမြှုပ်နှံသူက စီမံကိန်းအား သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား ခြောက်လတစ်ကြိမ် ဒေသဆိုင်ရာ ကော်မတီသို့ ဆက်လက်တင်ပြရမည်။

၄၈။ ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းစီမံချက်နှင့် မြေအသုံးချမှုတင်ပြရာတွင် ပုံစံ (ဃ) နှင့်အတူ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်ဖြစ်ပြီး မြေကို အသုံးပြုခွင့်ရရှိပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အဆောက်အဦ ဆောက်လုပ်ခွင့်၊ ရေပေးဝေရေး၊ စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲမှု၊ ရေစီးရေလာ ကောင်းမွန်ရေး စီမံခန့်ခွဲမှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းလိုင်စင်များအတွက် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့၏ အတည်ပြုချက်ရယူရမည်။

( ခ ) အောက်ဖော်ပြပါ အင်ဂျင်နီယာ ကိစ္စရပ်များအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြု လက်မှတ်ရရှိထားသော သက်ဆိုင်ရာအမျိုးအစားအလိုက် သက်တမ်းရှိ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်၏ အတည်ပြုလက်မှတ်များနှင့်အတူ ဦးစီးဌာန၏ အတည်ပြုချက် ရယူထားရှိရမည်-

(၁) စက်ရုံ အလုပ်ရုံ၏ မြို့ပြနှင့် တည်ဆောက်မှုလုပ်ငန်းများ၊

(၂) စက်ပစ္စည်းအကွက်ချပုံစံ၊

(၃) ဘွိုင်လာဒီဇိုင်းပုံစံ၊

(၄) လျှပ်စစ်သွယ်တန်းတပ်ဆင်မှုပုံစံ၊

(၅) စက်ရုံအမျိုးအစားနှင့် ထုတ်လုပ်မှုနည်းစဉ်၊

(၆) အခြားလိုအပ်သော ကိစ္စရပ်များ။

( ဂ ) အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ဦးစီးဌာနသို့တင်ပြ၍ ကြိုတင်အတည်ပြုချက် ရယူထားရှိရမည်-

(၁) လိုက်နာဆောင်ရွက်မည့် စံချိန်စံညွှန်းများ၊

(၂) စက်ပစ္စည်းစာရင်းနှင့် သက်တမ်းအခြေအနေများ၊

(၃) အသုံးပြုမည့် ကုန်ကြမ်းများ၊

(၄) ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် အစီအမံများ၊

(၅) ဖွဲ့စည်းပုံနှင့် လူအင်အား၊

(၆) ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်၊

(၇) အခြားလိုအပ်သော အထောက်အထားများ။

(ဃ) မီးသတ်ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

( င ) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

( စ ) ထပ်မံတိုးချဲ့တည်ဆောက်မည့် အဆောက်အဦများအတွက် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

(ဆ) ဥပဒေပုဒ်မ ၃၉၊ ၄၁၊ ၄၂ တို့နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို လိုက်နာဆောင်ရွက်ရမည်။

၄၉။ ရင်းနှီးတည်ဆောက်သူသည်–

(က) အတည်ပြုထားသော စက်မှုဇုန်အကောင်အထည်ဖော်ရေး ပင်မစီမံကိန်းတွင် ပါရှိသော လုပ်ငန်းအမျိုးတူ အစုအဖွဲ့အလိုက် နေရာချထားနိုင်ရေးကို ဆောင်ရွက်ရမည်။

( ခ ) ပင်မစီမံကိန်းတွင်ပါရှိသော လုပ်ငန်းအမျိုးတူ အစုအဖွဲ့အလိုက် နေရာချထားခြင်းအား ပြောင်းလဲဆောင်ရွက်လိုပါက ဒေသဆိုင်ရာကော်မတီ၏ အတည်ပြုချက် ရယူပြီး ဆောင်ရွက်ရမည်။

( ဂ ) ဥပဒေပုဒ်မ ၃၈ နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို လိုက်နာဆောင်ရွက်ရမည်။

၅၀။ ရင်းနှီးမြှုပ်နှံသူသည်-

(က) ပင်မစီမံကိန်းတွင် ပါရှိသော လုပ်ငန်းအမျိုးတူ အစုအဖွဲ့အလိုက်အား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ရာတွင် မြေအသုံးပြုခများအား ရင်းနှီးတည်ဆောက်သူနှင့် ချုပ်ဆိုထားသော စာချုပ်ပါအတိုင်း ရင်းနှီးတည်ဆောက်သူအား ပေးချေပြီး ဖြစ်ရမည်။

( ဂ ) ခွင့်ပြုထားသောမြေကို သတ်မှတ်ထားသော လုပ်ငန်းအမျိုးအစားနှင့် ဆက်နွှယ်လျက်ရှိသော လုပ်ငန်းများကိုသာ လုပ်ကိုင်ရမည်။ အခြားလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်ခြင်း မပြုရ။

(ဃ) လုပ်ငန်းပြောင်းလဲလုပ်ကိုင်လိုပါက လုပ်ငန်းအမျိုးတူ အစုအဖွဲ့အလိုက်သို့ ပြောင်းလဲလုပ်ကိုင်နိုင်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဒေသဆိုင်ရာကော်မတီသို့ တင်ပြရမည်။

၅၁။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် အသုံးပြုခွင့်ရရှိသောမြေကို မြေငှားစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အခြားသူ သို့မဟုတ် အခြားအဖွဲ့အစည်းသို့ ငှားရမ်းခြင်း၊ မြေအသုံးပြုခွင့်နှင့် အဆောက်အအုံတို့ကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဒေသဆိုင်ရာကော်မတီသို့ တင်ပြရမည်။

၅၂။ ဒေသဆိုင်ရာကော်မတီသည် နည်းဥပဒေ ၅၁ အရ တင်ပြလာသောကိစ္စတွင် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီပါက ခွင့်ပြုပေးရမည်-

(က) ခွင့်ပြုချက်ရယူလိုသူသည် သက်ဆိုင်ရာစက်မှုဇုန်၌ လက်ရှိရင်းနှီးတည်ဆောက်နေသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံနေသူဖြစ်ခြင်း၊

(ခ) ခွင့်ပြုချက်ရယူလိုသူက အမှန်တကယ် အသုံးပြုခွင့် ရရှိထားသောမြေဖြစ်ခြင်း၊

(ဂ) ခွင့်ပြုချက်ရယူလိုသောကိစ္စကို စာချုပ်၌ အတိအလင်းဖော်ပြထားခြင်း၊

(ဃ) ခွင့်ပြုချက်ရယူလိုသောကိစ္စနှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ မရှိခြင်း၊

(င) ခွင့်ပြုချက်ရရှိပြီးနောက် တစ်ဆင့်လွှဲပြောင်းလက်ခံရရှိသူ သို့မဟုတ် အဖွဲ့အစည်းသည် မူလရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ လုပ်ငန်းကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်မည့်သူဖြစ်ခြင်း၊

(စ) ဆက်လက်လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ဝန်ခံချက်ပါရှိခြင်း။

၅၃။ စက်မှုဇုန်အဖြစ် သတ်မှတ်ကြေညာပြီးပါက ဒေသဆိုင်ရာ ကော်မတီသည် စက်မှုဇုန်တည်နေရာရှိ မြေများကို စက်မှုဇုန်အဖြစ် ဖော်ဆောင်နိုင်ရန် စက်မှုဇုန်ဧရိယာ နယ်နိမိတ်အား တိကျစွာ သတ်မှတ်ဖော်ပြခြင်း၊ မြေပုံထုတ်ပေးခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားရမည်။

၅၄။ ရင်းနှီးမြှုပ်နှံသူသည် အတည်ပြုပြီးဖြစ်သည့် စီမံကိန်းသတ်မှတ်ကာလအတိုင်း ပြီးစီးအောင် လုပ်ကိုင်ခြင်းမရှိပါက ဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး ဒဏ်ကြေးပေးဆောင်နိုင်ခြင်း မရှိပါက အဆိုပါ မြေအသုံးပြုခွင့်စာချုပ်ကို သက်ဆိုင်ရာဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

၅၅။ ရင်းနှီးတည်ဆောက်သူက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စက်မှုဇုန်မြေအား ဂရန်လျှောက်ထားလာပါက ဒေသဆိုင်ရာကော်မတီသည် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ညှိနှိုင်းပေးရမည်။

၅၆။ ဒေသဆိုင်ရာကော်မတီသည် ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူအား ဗဟိုကော်မတီက အတည်ပြုပေးသော မြေငှားရမ်းခနှင့် မြေအသုံးပြုခများအတိုင်း ပေးသွင်းစေရန် ညွှန်ကြားရမည်။

## အခန်း (၁၃)
## စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်း

၅၇။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်များအား အောက်ပါအတိုင်း အရွယ်အစား ခွဲခြားနိုင်ရန် ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည်-

(က) အကြီးစားစက်မှုဇုန်အတွက် စက်မှုဇုန်အကျယ်အဝန်း (၁၀၀၀) ဧက အထက်၊

(ခ) အလတ်စားစက်မှုဇုန်အတွက် စက်မှုဇုန်အကျယ်အဝန်း (၅၀၀) ဧကမှ (၁၀၀၀) ဧက အထိ၊

(ဂ) အငယ်စားစက်မှုဇုန်အတွက် စက်မှုဇုန်အကျယ်အဝန်း ( ၅၀၀) ဧက အောက်။

၅၈။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်အမျိုးအစားကို ခွဲခြားသတ်မှတ်ရာတွင် အောက်ပါအချက်များကို အခြေခံရမည်-

(က) ထုတ်ကုန်အမျိုးအစား၊

(ခ) ကုန်ချောပစ္စည်းတင်ပို့မှု၊

(ဂ) သယံဇာတအသုံးချမှု၊

(ဃ) လူ့စွမ်းအားအရင်းအမြစ်အသုံးချမှု၊

( င ) လုပ်ငန်းစုဖွဲ့မှု၊

( စ ) နည်းပညာသုံးစွဲမှု၊

(ဆ) စွမ်းအင်စနစ်တကျ အကျိုးရှိထိရောက်စွာ အသုံးချမှု၊

( ဇ ) တည်ထောင်ပြီးစက်မှုဇုန်များတွင် တည်ရှိပြီးလုပ်ငန်းအမျိုးအစားများ။

၅၉။ ဒေသဆိုင်ရာကော်မတီသည် နည်းဥပဒေ ၅၈ ပါ အချက်များနှင့်အညီ စိစစ်ပြီး စက်မှုဇုန်အမျိုးအစားများကို အောက်ပါအတိုင်း ခွဲခြား၍ ဗဟိုကော်မတီသို့ တင်ပြရမည်-

(က) ပြည်ပပို့ကုန်ထုတ်လုပ်ငန်းများ စက်မှုဇုန်၊

( ခ ) သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ စက်မှုဇုန်၊

( ဂ ) အထည်အလိပ်လုပ်ငန်းများ စက်မှုဇုန်၊

(ဃ) အခြေခံစားသောက်ကုန်ထုတ်လုပ်ငန်းများ စက်မှုဇုန်၊

( င ) သစ် သို့မဟုတ် ရော်ဘာ သို့မဟုတ် ရေနံ သို့မဟုတ် သတ္တုအခြေခံကုန်ထုတ်လုပ်ငန်းများ စက်မှုဇုန်၊

( စ ) စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေး အခြေခံကုန်ထုတ်လုပ်ငန်းများ စက်မှုဇုန်၊

(ဆ) အရည်ကျိုလုပ်ငန်းများ စက်မှုဇုန်၊

( ဇ ) အဆင့်မြင့်နည်းပညာသုံးလုပ်ငန်းများ စက်မှုဇုန်၊

( ဈ ) ရေထွက်ပစ္စည်း အခြေခံကုန်ထုတ်လုပ်ငန်းများ စက်မှုဇုန်၊

(ည) အထွေထွေကုန်ထုတ်လုပ်ငန်းများ စက်မှုဇုန်။

၆၁။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်အဆင့်အတန်း ခွဲခြားရာတွင် အောက်ဖော်ပြပါအချက်များကို မူတည်၍ သတ်မှတ်ရမည်-

(က) မြေအသုံးချမှု အင်္ဂါရပ်များနှင့် ကိုက်ညီခြင်း၊

(ခ) အဆောက်ခွင်အကြီးကြပ်မှု ကုန်လှောင်ရုံစနစ် ပါရှိခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) အခြေခံအဆောက်အအုံများ ပြည့်စုံစွာပါရှိခြင်း၊

(င) အထူးစီးပွားရေးဇုန်များ၊ အခြားစီးပွားရေးဇုန်များနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်း။

၆၁။ ဒေသဆိုင်ရာကော်မတီသည် နည်းဥပဒေ ၆၀ ပါ သတ်မှတ်ချက်များ နှင့်အညီ စိစစ်ပြီး စက်မှုဇုန် အဆင့်အတန်းကို အောက်ဖော်ပြပါအတိုင်း ခွဲခြား၍ ဗဟိုကော်မတီသို့ တင်ပြရမည်-

(က) အနည်းဆုံး ၈၀ ရာခိုင်နှုန်းနှင့်အထက် အချက်အလက်များ ပြည့်စုံပါက (က) အဆင့် စက်မှုဇုန်၊

(ခ) အနည်းဆုံး ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအောက် အချက်အလက်များ ပြည့်စုံပါက (ခ) အဆင့် စက်မှုဇုန်၊

(ဂ) ၆၀ ရာခိုင်နှုန်းအောက် အချက်အလက်များ ပြည့်စုံပါက (ဂ) အဆင့် စက်မှုဇုန်။

## အခန်း (၁၄)
## စက်မှုဇုန်သတ်မှတ်ကြေညာခြင်း

၆၂။ အစိုးရအဖွဲ့သည်-

(က) ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ပြဋ္ဌာန်းချက်အလို့ငှာ စက်မှုဇုန် တည်ထောင်ရန် ဗဟိုကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြသည့် တည်နေရာအား စိစစ်၍ ငြင်းပယ်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ အတည်ပြုပေးသော တည်နေရာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ် အပိုင်းအခြားကို စက်မှုဇုန် တည်ထောင်မည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာရမည်။

(ဂ) တည်ထောင်ပြီး စက်မှုဇုန်များအား နည်းဥပဒေ ၅၇၊ ၅၉ နှင့် ၆၁ ပါ သတ်မှတ်ချက်များနှင့်အညီ အရွယ်အစား၊ အမျိုးအစား၊ အဆင့်အတန်း ခွဲခြားသတ်မှတ်၍ စက်မှုဇုန်အဖြစ် ကြေညာရမည်။

## အခန်း (၁၅)
## စက်မှုဇုန်ပြင်ပရှိ လုပ်ငန်းများအား စက်မှုဇုန်အတွင်းသို့ ပြောင်းရွှေ့ခြင်း

၆၃။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်အတွင်း၌ ကျန်ရှိနေသည့် မြေကွက်လပ် အလွတ်များရှိပါက စက်မှုဇုန်ပြင်ပရှိ စက်မှုလုပ်ငန်းများအား စက်မှုဇုန်အတွင်းသို့ ပြောင်းရွှေ့လုပ်ကိုင်နိုင်ရေး စနစ်တကျ စီမံဆောင်ရွက် ပေးရမည်။

၆၄။ စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်လိုသော ရင်းနှီးမြှုပ်နှံသူများသည် လျှောက်လွှာများကို စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဒေသဆိုင်ရာကော်မတီသို့ တင်ပြရမည်။

၆၅။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန် အမျိုးအစား၊ မြေနေရာလစ်လပ်မှု၊ ရင်းနှီးမြှုပ်နှံသူလုပ်ကိုင်မည့် လုပ်ငန်းအမျိုးအစားတို့အပေါ်မူတည်၍ နေရာချထားပေးရမည်။

၆၆။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်လိုသော ရင်းနှီးမြှုပ်နှံသူများအား အောက်ဖော်ပြပါ အခွင့်အရေးနှင့်သက်သာခွင့်များ ရရှိရန် ဆောင်ရွက်ပေးရမည်–

(က) ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းနှင့်သင့်လျော်သော မြေနေရာအကျယ်အဝန်းကို သတ်မှတ်ပေးခြင်း၊

(ခ) မြေအသုံးပြုခ လျှော့ပေါ့ရေးနှင့် အရစ်ကျပေးသွင်းရေးတို့ကို ညှိနှိုင်းပေးခြင်း၊

(ဂ) တည်ဆောက်မည့်အချိန်ကာလ တိုးမြှင့်သတ်မှတ်ပေးခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းအတွက် သင့်လျော်သော ချေးငွေပမာဏ ရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊

(င) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီသို့ ပေးသွင်းရမည့် အချိုးကျထည့်ဝင်ငွေကို သင့်လျော်သော တည်ဆောက်ဆဲကာလအတွင်း ကင်းလွတ်ခွင့်ပေးခြင်း။

၆၇။ စက်မှုဇုန်အတွင်း ရှိနေသော မြေကွက်လပ်အလွတ်များသို့ ပြောင်းရွှေ့လျှောက်ထားလိုသော လုပ်ငန်းမရှိသည့်အခါ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်ပြင်ပရှိ လုပ်ငန်းများအား စက်မှုဇုန်အတွင်းသို့ ပြောင်းရွှေ့ရေးကို ကြပ်မတ်ဆောင်ရွက်ရမည်။

## အခန်း (၁၆)

## ပတ်ဝန်းကျင်နှင့် စွမ်းအင်စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲခြင်း

၆၈။ ဥပဒေပုဒ်မ ၃၇ အရ ရင်းနှီးတည်ဆောက်သူသည် စက်မှုဇုန်တည်ထောင်ရာတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူသည် စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆၉။ ရင်းနှီးမြှုပ်နှံသူများသည် စွန့်ပစ်ပစ္စည်းများအနက် ဘေးအန္တရာယ်မရှိသော အစိုင်အခဲ စွန့်ပစ်ခြင်းကို မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့နှင့် ညှိနှိုင်း၍ သိမ်းဆည်းစွန့်ပစ်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၇၀။ ရင်းနှီးမြှုပ်နှံသူများသည် သက်ဆိုင်ရာဥပဒေအရ ခွင့်ပြုထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်ပါက တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေး လိုက်နာဆောင်ရွက်ရမည်။

၇၁။ စက်မှုဇုန်အတွင်း လုပ်ငန်းဆောင်ရွက်သူများသည် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲခြင်းဆိုင်ရာ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် အပူစွမ်းအင် ယိုစိမ့်မှုများနှင့် အခြားစွမ်းအင် ဆုံးရှုံးမှုများအား ကာကွယ်ခြင်း၊ အပူစွမ်းအင် ဆုံးရှုံးမှုကို အနည်းဆုံးဖြစ်အောင် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် အစားထိုးလဲလှယ်ခြင်း၊

( ခ ) စွန့်ပစ်အပူ (Waste Heat) များကို ပြန်လည်အသုံးချနိုင်ရန် ဆောင်ရွက်ခြင်း၊

( ဂ ) လောင်စာလောင်ကျွမ်းခြင်းဖြစ်စဉ်၊ အပူပေးခြင်းနှင့် အအေးပေး ခြင်းဖြစ်စဉ်နှင့် စွမ်းအင်ပုံစံတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲ ခြင်းဖြစ်စဉ်များ (အပူစွမ်းအင်မှ စက်မှုစွမ်းအင် သို့မဟုတ် လျှပ်စစ် စွမ်းအင်၊ လျှပ်စစ်စွမ်းအင်မှ စက်မှုစွမ်းအင် သို့မဟုတ် အပူ စွမ်းအင် ပြောင်းလဲမှုဖြစ်စဉ်များ) တွင် စွမ်းအင်ကို စနစ်တကျ အကျိုးရှိစွာ အသုံးချခြင်းနှင့် စွမ်းအင်စွမ်းဆောင်ရည် ပိုမိုတိုးတက် ကောင်းမွန်အောင်ပြုလုပ်ခြင်း၊

(ဃ) လုပ်ငန်းလည်ပတ်မှုကို ထိန်းချုပ်သည့်နည်းစနစ် (Operational Control System) တွင် စွမ်းအင်ထိရောက်စွာ အသုံးပြုနိုင်ရေး အတွက် စွမ်းအင်စီမံခန့်ခွဲမှု (Energy Management) စနစ်အား ထည့်သွင်းပေါင်းစပ် အသုံးပြုခြင်း၊

( င ) စွမ်းအင်သုံးစွဲမှုများပြီး စွမ်းဆောင်ရည်နိမ့်သော စက်ပစ္စည်းများ အစား စွမ်းအင်သုံးစွဲမှုနည်းပြီး စွမ်းဆောင်ရည် မြင့်မားသော စက်ပစ္စည်းများဖြင့် ပြောင်းလဲသုံးစွဲမှုကိုမြှင့်တင်ခြင်း၊

( စ ) စွမ်းအင်ကို အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရန် ခေတ်မီသော နည်းပညာများနှင့် ထုတ်လုပ်မှုပုံစံများကို အသုံးပြုခြင်း၊

(ဆ) စွမ်းအင်သုံးစွဲမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ အချက်အလက် များကို လအလိုက်၊ နှစ်အလိုက် မှတ်တမ်းများထားရှိခြင်း၊ အချက်အလက်များလိုအပ်၍ တောင်းခံလာပါက ပေးပို့ခြင်း။

၇၂။ စွမ်းအင်အဓိက သုံးစွဲသော စက်ရုံ၊ အလုပ်ရုံများ (Energy Intensive Industries) သည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၇)

## နိုင်ငံခြားသားကျွမ်းကျင်အလုပ်သမားများနှင့် ပညာရှင်များ ခန့်ထားခြင်း

၇၃။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားသားကျွမ်းကျင်အလုပ်သမားများနှင့် ပညာရှင်များခန့်ထားရန် လိုအပ်လာပါက ပုံစံ (င) တွင် ပြည့်စုံစွာ ဖြည့်စွက်၍ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

၇၄။ စီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၇၃ အရ တင်ပြလာပါက ယင်းစက်မှုလုပ်ငန်း၌ နိုင်ငံခြားမှ ကျွမ်းကျင်သူ အတတ်ပညာရှင် ရယူရန် သို့မဟုတ် ငှားရမ်းရန် အမှန်တကယ် လိုအပ်ခြင်း ရှိ မရှိ နှင့် ပြည်တွင်းမှ အလားတူကျွမ်းကျင်သူ အတတ်ပညာရှင်များ ခန့်ထားနိုင်ခြင်း ရှိ မရှိ ကို လိုအပ်သော စိစစ်မှုများပြုလုပ်၍ ထောက်ခံချက်ကို ပုံစံ (စ) ဖြင့် ထုတ်ပေးရမည်။

၇၅။ နည်းဥပဒေ ၇၄ အရ စိစစ်ရာတွင် ပြည်တွင်းမှ အလားတူကျွမ်းကျင်သူ အတတ်ပညာရှင်များ ခန့်ထားနိုင်ပါက နိုင်ငံခြားသားကျွမ်းကျင်လုပ်သားနှင့် ပညာရှင်ခန့်ထားရန် လျှောက်ထားလာခြင်းကို ထောက်ခံခြင်း မပြုရ။

၇၆။ စီမံခန့်ခွဲရေးကော်မတီသည် တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော ပညာရပ်ဆိုင်ရာ ကောင်စီများ၏ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံခြားသားပညာရှင်များကိုသာ ပညာရှင်အဖြစ် ခန့်ထားရန် သက်ဆိုင်ရာများသို့ ထောက်ခံချက် ပြုလုပ်ပေးရမည်။

## အခန်း (၁၈)

## စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း

၇၇။ (က) စက်မှုဇုန်အတွင်း လုပ်ငန်းဆောင်ရွက်သူ မည်သူမဆို ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စုံစမ်းချက်များအရဖြစ်စေ၊ တိုင်ကြားချက်များအရဖြစ်စေ၊ သတင်းတစ်စုံတစ်ရာအရဖြစ်စေ၊ အခြားခိုင်လုံသော အကြောင်းများအရဖြစ်စေ ထင်ရှားပေါ်ပေါက်ပါက စီမံခန့်ခွဲရေးကော်မတီသည် ထိုသူအပေါ် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) စာဖြင့် သတိပေးခြင်း၊

(၂) သတ်မှတ်ထားသော ဒဏ်ငွေပေးဆောင်စေခြင်း။

(ခ) စီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေခွဲ (က) ပါ ပြစ်ဒဏ်ချမှတ်ပြီးသော်လည်း ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်နေပါက ထိုသူကို အရေးယူနိုင်ရန် ဒေသဆိုင်ရာကော်မတီသို့ တင်ပြရမည်။

(ဂ) ဒေသဆိုင်ရာကော်မတီသည် ထိုသူအပေါ် အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ လုပ်ငန်းယာယီရပ်ဆိုင်းသည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်သည်။

## အခန်း (၁၉)
## အယူခံခြင်း

၇၈။ နည်းဥပဒေ ၇၇၊ နည်းဥပဒေခွဲ (က) ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အား ကျေနပ်ခြင်းမရှိသူသည် ဒေသဆိုင်ရာကော်မတီသို့ အယူခံဝင်ရောက်ရာတွင်လည်းကောင်း၊ နည်းဥပဒေ ၇၇၊ နည်းဥပဒေခွဲ (ဂ) ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အား ကျေနပ်ခြင်းမရှိသူသည် ဗဟိုကော်မတီသို့ အယူခံဝင်ရောက်ရာတွင်လည်းကောင်း စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်သည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း အောက်ပါအချက်များ အပြည့်အစုံဖြင့် ကိုယ်တိုင်အယူခံဝင်ရောက်ရမည်-

(က) အယူခံဝင်ရောက်လိုသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လုပ်ငန်းအမည်နှင့် နေရပ်လိပ်စာ၊

(ခ) အယူခံဝင်ရောက်ရန် ခိုင်လုံသော အကြောင်းပြချက်၊

(ဂ) စီမံခန့်ခွဲရေးကော်မတီ သို့မဟုတ် ဒေသဆိုင်ရာကော်မတီ၏ မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန်။

## အခန်း (၂၀)
## အထွေထွေ

၇၉။ ဗဟိုကော်မတီသည် ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဠ) အရ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းရမည့် ရငွေရာခိုင်နှုန်းကို သတ်မှတ်ရမည်။

၈၀။ ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဦးစီးဌာနသည်-

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ဝန်ကြီးဌာနသို့ တင်ပြ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံသုံးစွဲရမည်။

( ခ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီ အဖွဲ့ဝင်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ထားသော ချီးမြှင့်ငွေနှင့် စက်မှုဇုန်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းကြောင့် ကျခံသုံးစွဲရမည့် စရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြ၍ ကျခံသုံးစွဲရမည်။

ဒေါက်တာချာလီသန်း
ပြည်ထောင်စုဝန်ကြီး

ပုံစံ (က)

နည်းဥပဒေ ၂ (ဂ)၊ ၃၄

သို့

ဥက္ကဋ္ဌ

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

## စက်မှုဇုန်သစ်ထူထောင်ရန် အဆိုပြုချက်

၁။ **အမည်နှင့်နေရပ်လိပ်စာ(အပြည့်အစုံ)**

(က) နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့/ အဆိုပြုသူအမည်

(ခ) အမြဲတမ်းနေရပ်လိပ်စာ

(ဂ) ဆက်သွယ်ရန် ဖုန်း၊ E–Mail

(ဃ) ကုမ္ပဏီအမည်နှင့် မှတ်ပုံတင်သည့်နေ့စွဲ

၂။ **အဆိုပြုစက်မှုဇုန်တည်နေရာနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

(က) စီမံကိန်းတည်နေရာ

(ခ) စီမံကိန်းတည်နေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့် မည်မျှတွင် ရှိသည် သို့မဟုတ် မြစ်၊ ချောင်းများ၏ စိုးရိမ်ရေအမှတ် အထက် အမြင့်မည်မျှတွင် ရှိသည်ကို ဖော်ပြရန်

(ဂ) စီမံကိန်းမြေနေရာအနီးရှိသဘာဝမြေမျက်နှာသွင်ပြင်အနေအထား (Nature of topography)

(မြေပြန့်၊ ကုန်းမြင့်၊ ချိုင့်ဝှမ်း၊ တောင်ကုန်း၊ တောင်တန်း၊ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်းအိုင် စသည်များ)

**ပုံစံ (က) အဆက်**

(ဃ) စီမံကိန်းတည်ရှိသည့် မြေ၏သွင်ပြင်လက္ခဏာ
(Site Characteristics)
(မြစ်ဝှမ်း၊ ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်၊ ကုန်းတွင်းပိုင်း၊ စိမ့်တောမြေ၊ သဲဆန်သောမြေ၊ ကျောက်ဆန်သောမြေ၊ ရေဝပ်သောမြေ စသည်များ)

၃။ **အဆိုပြုနေရာ၏ အသေးစိတ်အချက်အလက်များ**

(က) အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ လေဆိပ်၊ ရထားလမ်း၊ ကားလမ်းတို့မှ အကွာအဝေး
(ခ) မြေအကျယ်အဝန်းနှင့် မြေအမျိုးအစား
(ဂ) မြေသုံးစွဲရန် ခွင့်ပြုမိန့်
(ဃ) မြေပိုင်ဆိုင်မှု/ ငှားရမ်းမှု အထောက်အထား

၄။ **မြေအသုံးချမှုအခြေအနေ (ရာခိုင်နှုန်းဖြင့်ဖော်ပြရန်)**

(က) စက်မှုလုပ်ငန်းနယ်မြေ
(ခ) ကုန်သွယ်မှုနယ်မြေ
(ဂ) စက်မှုဇုန်ဝန်ဆောင်မှုနှင့် အထောက်အကူပြု အသုံးချနယ်မြေ
(ဃ) စိမ်းလန်းနယ်မြေ (အရိပ်ရ သစ်ပင်စိုက်ပျိုးမှုအခြေအနေ)
(င) အခြား

၅။ **ဘဏ္ဍာရေးအခြေအနေ**

(က) ရင်းနှီးမြှုပ်နှံငွေ (နိုင်ငံခြားငွေ/ မြန်မာငွေ)
(ခ) ချေးငွေ (ပြည်တွင်း/ ပြည်ပ)
(ဂ) အခြားအရင်းအမြစ်များ

**ပုံစံ (က) အဆက်**

၆။ **ရင်းနှီးမြှုပ်နှံမည့်ပုံစံ**

(က) အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်မှု

( ခ ) အစိုးရပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု

( ဂ ) ပုဂ္ဂလိကအချင်းချင်းပူးပေါင်းဆောင်ရွက်မှု

(ဃ) ပုဂ္ဂလိကတစ်ဦးချင်းဆောင်ရွက်မှု

၇။ **လမ်း၊ ရေနုတ်မြောင်းနှင့် ရေကာတာများ ဆောက်လုပ်မှု အစီအစဉ်**

(က) လမ်းမကြီးအကျယ်နှင့်အရှည်

( ခ ) လမ်းသွယ်အကျယ်နှင့်အရှည်

( ဂ ) လမ်းအမျိုးအစား (ကတ္တရာ၊ ကွန်ကရစ်၊ မြေကြီး စသဖြင့်)

(ဃ) စက်မှုလုပ်ငန်းဆိုင်ရာအဆောက်အဦများ သဘာဝဘေးနှင့် ရေလွှမ်းမိုး ပျက်စီးခြင်းများမှ ကာကွယ်ရန် ရေနုတ်မြောင်း၊ ရေကာတာနှင့် ရေထိန်းတမံများ တည်ဆောက်မှု အစီအစဉ်

၈။ **အခြေခံအဆောက်အအုံများ ဦးစားပေးအဆင့်အလိုက် တည်ဆောက်မည့်အစီအစဉ်**

| | | |
|---|---|---|
| (က) | လမ်းဖောက်လုပ်ခြင်း | ဦးစားပေးအဆင့်(၁) |
| ( ခ ) | လျှပ်စစ်ဓာတ်အားရယူမှု | ဦးစားပေးအဆင့်(၂) |
| ( ဂ ) | ရေသန့်လုပ်ငန်း | ဦးစားပေးအဆင့်(၃) |
| (ဃ) | စွန့်ပစ်စနစ်တည်ဆောက်ခြင်း | ဦးစားပေးအဆင့်(၄) |
| ( င ) | ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | ဦးစားပေးအဆင့်(၅) |
| ( စ ) | အခြားလုပ်ငန်းများ | ဦးစားပေးအဆင့်(၆) |

**ပုံစံ (က) အဆက်**

၉။ **မျှော်မှန်းအကျိုးရလဒ်**

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ခ) ပြည်ပတင်ပို့မှု

(ဂ) အလုပ်အကိုင်ဖန်တီးပေးနိုင်မှု

(ဃ) ဒေသဖွံ့ဖြိုးမှု Growth Rate လက်ရှိအခြေအနေ၏.........% ဖြစ်နိုင်

(င) စက်မှုဇုန်အချင်းချင်း ချိတ်ဆက်မည့်အစီအစဉ်

(စ) အခြား

နေပြည်တော်ကောင်စီ/
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့/
ရင်းနှီးတည်ဆောက်သူ

---------------------------------------------------------------------

---------------------------------------------------------------------

---------------------------------------------------------------------

ထပ်ဆင့်အတည်ပြုသူ

ဥက္ကဋ္ဌ
ဒေသဆိုင်ရာကော်မတီ
စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ
--------------- နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်

**ပုံစံ (ခ)**

**နည်းဥပဒေ ၆ (ခ)**

## "ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခွင့်ပြုမိန့်"

အကြောင်းအရာ။ ---------------- **စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ထူထောင်ရန်အတွက် အဆိုပြုတင်ပြချက်**

ရည် ညွှန်း ချက်။ ----------------------------------------

တင်ပြပါ အဆိုပြုချက်ကို ရည်ညွှန်း၍ ---------------- တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဒေသဆိုင်ရာကော်မတီ အနေဖြင့် ဦး/ဒေါ် ---------------- ပိုင် ကုမ္ပဏီ၏ အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအား ------------------- စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံရန်နှင့် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ခွင့်ပြုလိုက်သည်-

(က) ဆောင်ရွက်ခွင့်ပြုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း --------------------------

( ခ ) ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းတည်နေရာ --------------------------

ဒေသဆိုင်ရာကော်မတီ ဥက္ကဋ္ဌ

------------------------- တိုင်းဒေသကြီး/ ပြည်နယ်/

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စက်မှုဇုန်များ

ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ

မိတ္တူကို

အတွင်းရေးမှူး၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

**ပုံစံ (ဂ)**

**နည်းဥပဒေ ၁၂ (င)**

**……..........................စက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီ**

**....................မြို့နယ်၊ ………တိုင်းဒေသကြီး/ပြည်နယ်**

စာအမှတ်၊ ……. / စီခန့် / ထခ / ၂၀xx ( xxxxx )

ရက် စွဲ ၊ ၂၀xx ခုနှစ်၊ xxxxxxxxxxx လ xx ရက်

သို့

**သက်ဆိုင်ရာ**

အကြောင်းအရာ။ **ထောက်ခံချက်ပေးပို့ခြင်း**

ရည် ညွှန်း ချက်။ ............Co., Ltd. ၏ xx.xx.၂၀၂x ရက်စွဲပါ တင်ပြစာ

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ .................... မြို့နယ်မှ ဦး/ဒေါ် ...............၊ .................. Co., Ltd၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်- .................... သည် စက်မှုဇုန်မြေကွက်အမှတ် .................... တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်ရန် ရည်ညွှန်းပါစာဖြင့် လျှောက်ထားလာပါသည်။

၂။ ရင်းနှီးမြှုပ်နှံသူ၏ လျှောက်လွှာအားစိစစ်ရာ တည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိပါကြောင်း ပူးတွဲပါအထောက်အထားများနှင့်တကွ ထောက်ခံအပ်ပါသည်။

လက်မှတ်-

အမည်-

ရာထူး-

စီမံခန့်ခွဲရေးကော်မတီ

……................ဇုန်၊ ……...........မြို့နယ်

မိတ္တူကို

ဒေသဆိုင်ရာကော်မတီ (သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်)

ရုံးလက်ခံ

**ပုံစံ (ဃ)**

**နည်းဥပဒေ ၄၈**

သို့

**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊**

**------------------------ စက်မှုဇုန်**

**လုပ်ငန်းစီမံချက်နှင့် မြေအသုံးချမှုများ**

(၁) ရင်းနှီးမြှုပ်နှံသူအမည်

(၂) စီမံကိန်း အကြောင်းအရာအကျဉ်း

(၃) တည်နေရာနှင့် မြေအသုံးချခွင့်

(၄) အဆောက်အဦ ဆောက်လုပ်ခွင့်နှင့် Structure Design အတွက် ထောက်ခံချက် (သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊)

(၅) အင်ဂျင်နီယာလုပ်ငန်း

- စက်ရုံ၊ အလုပ်ရုံ အကွက်ချပုံစံ (Factory Layout Plan)
- စက်ရုံ၊ အလုပ်ရုံ ဗိသုကာပုံစံများ (မြန်မာနိုင်ငံ ဗိသုကာကောင်စီမှ အသိအမှတ်ပြု လက်မှတ်ရရှိထားသော ဗိသုကာပညာရှင်၏ အတည်ပြုလက်မှတ် ပါရှိရမည်။)
- လိုက်နာမည့် စံချိန်စံညွှန်းများနှင့် ထုတ်လုပ်မှုနည်းစဉ်များ (Standards and G.M.P)
- စက်ပစ္စည်းစာရင်းနှင့် သက်တမ်းအခြေအနေ

**ပုံစံ (ဃ) အဆက်**

- ဘွိုင်လာနှင့် လျှပ်စစ်ပစ္စည်းများတပ်ဆင်ခြင်း
- အထက်ဖော်ပြပါအင်ဂျင်နီယာကိစ္စရပ်များအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုလက်မှတ်ရရှိထား သော သက်ဆိုင်ရာအထူးပြုပညာရပ်အလိုက် သက်တမ်းရှိ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်၊ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ၏ အတည်ပြု လက်မှတ်များနှင့်အတူ ဦးစီး ဌာန၏ အတည်ပြုချက် ရယူထားရှိရမည်။

(၆) မီးဘေးအန္တရာယ်လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှု (မီးသတ် ဦးစီးဌာနထောက်ခံချက်)

(၇) ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေးအတွက် အစီအမံ

(၈) ကုန်ကြမ်းနှင့် သွင်းအားစုလိုအပ်ချက် (Materials and Input) ကုန်ကြမ်း၊ ရေ၊ မီးရရှိမှုနှင့်နှစ်စဉ်ကုန်ကြမ်းနှင့် သွင်းအားစု လိုအပ်မှု

(၉) ဈေးကွက်နှင့် ကုန်ထုတ်အင်အား (Market and Plant Capacity)

(၁၀) ပြည်ပကျွမ်းကျင်ပညာရှင်များ ခန့်ထားမှုအစီအစဉ် (Appointment Plan for Foreign experts and technicians) (အင်ဂျင်နီယာ ဘွဲ့ရနှင့် ဒီပလိုမာလက်မှတ်ရများဖြစ်ပါက မြန်မာနိုင်ငံအင်ဂျင် နီယာကောင်စီတွင် မှတ်ပုံတင်ခြင်း၊ ပြည်တွင်းလက်မှတ်ရ အင်ဂျင်နီယာ ပညာရှင်များနှင့် တွဲဖက်လုပ်ကိုင်ခြင်း)

(၁၁) အကောင်အထည်ဖော်မှု (Implementation Scheduling) တည်ဆောက်မှု အချိန်ဇယား၊ စက်စမ်းသပ်မှုနှင့် ပုံမှန်ထုတ်လုပ်မှု

(၁၂) စုစုပေါင်းရင်းနှီးမြှုပ်နှံမှု (Total Investment Costs) စီမံကိန်းအသုံးစရိတ်၊ မြေပြုပြင်ခြင်း၊ မြို့ပြနှင့်တည်ဆောက်မှု

**ပုံစံ (ဃ) အဆက်**

လုပ်ငန်းအသုံးစရိတ်၊ စက်ပစ္စည်းနှင့် နည်းပညာစရိတ်၊ ကနဦး လည်ပတ်ရန်ပုံငွေ

(၁၃) ငွေကြေးစီမံမှု (Project Financing)

ပြည်တွင်းနိုင်ငံခြားငွေလိုအပ်မှု ချေးငွေ၊ ကိုယ်ပိုင်ငွေနှင့် ရနိုင်မည့် ဇာစ်မြစ်များ

(၁၄) နှစ်စဉ်ကုန်ထုတ်လုပ်မှုကုန်ကျစရိတ် (Total Production or Manufacturing Costs)

ကုန်ကြမ်း၊ လုပ်ခလစာ၊ ဓာတ်အားနှင့်လောင်စာ၊ ပြုပြင်ထိန်းသိမ်း စရိတ်၊ တန်ဖိုးလျော့ရန်ပုံငွေ၊ အတိုး (ငွေကြေးစရိတ်) အခြား စရိတ်များ

(၁၅) စီးပွားရေးတွက်ခြေကိုက်မှု (Financial Evaluation)

အရင်းကြေကာလ၊ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုး၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး၊ ကုန်ထုတ်လုပ်မှုတန်ဖိုး၊ နှစ်စဉ် နိုင်ငံခြားငွေ အသားတင်ရရှိမှု၊ နှစ်စဉ်နိုင်ငံခြားငွေ အသားတင် သက်သာမှု၊ အရင်းအနှီး၏ အကျိုးအမြတ်ဖြစ်ပေါ်နှုန်း၊ ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု

ရင်းနှီးမြှုပ်နှံသူ

**ပုံစံ (င)**

**နည်းဥပဒေ ၇၃**

**ကုမ္ပဏီခေါင်းစည်း (Company Letter Head)**

.......................................................................................................................

စာအမှတ်၊

ရက် စွဲ ၊

သို့

**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**

**..............................စက်မှုဇုန်**

အကြောင်းအရာ။ **ထောက်ခံချက်ပေးနိုင်ပါရန်ကိစ္စ**

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ .............................. ................မြို့နယ်၊ .................စက်မှုဇုန်ရှိ .......................လမ်း၊ မြေကွက်အမှတ်(.........)၊ ..........................Co., Ltd၊ ........................စက်ရုံတွင် အောက်ဖော်ပြပါ နိုင်ငံခြားသား ကျွမ်းကျင်အလုပ်သမား ( ) ဦးနှင့် ပညာရှင် ( ) ဦး အလုပ်လုပ်ကိုင်မည်ဖြစ်ပါ၍ သက်ဆိုင်ရာသို့ ခန့်ထားခွင့် ထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါသည်-

| စဉ် | အမည် | နိုင်ငံသား | နိုင်ငံကူးလက်မှတ်အမှတ် | နေထိုင်ခွင့်သက်တမ်းကုန်ဆုံးမည့်နေ့ | ခန့်ထားမည့်ရာထူး |
|---|---|---|---|---|---|
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |

၂။ အဆိုပါ ဝန်ထမ်းတစ်ဦးချင်းစီ၏ အချက်အလက်များမှာ ပူးတွဲပါအတိုင်းဖြစ်ပြီး နိုင်ငံရေးကင်းရှင်းကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်-

အမည်-

ရာထူး-

**ပုံစံ (င) အဆက်**

## နိုင်ငံခြားသား ကျွမ်းကျင် အလုပ်သမားများ/ ပညာရှင်နှင့်သက်ဆိုင်သည့် အချက်အလက်များ

၁။ အမည်၊ ........................................................................

၂။ ရာထူး/အဆင့်၊ လုပ်ငန်းဌာန ........................................................

၃။ နေရပ်လိပ်စာအပြည့်အစုံ ............................................................

၄။ ပညာအရည်အချင်းနှင့်အထူးပြုသည့် လုပ်ငန်း ..................................

၅။ ကျွမ်းကျင်မှု အတတ်ပညာဘာသာရပ် ...............................................

၆။ မိခင်နိုင်ငံအမည် ........................................................................

၇။ ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်အမှတ် .....................................

၈။ ခန့်ထားရန် လိုအပ်သည့်အကြောင်းရင်း .........................................

၉။ ကာလအပိုင်းအခြား၊........................................................................

၁၀။ ပေးအပ်မည့်လစာနှင့် အခြားခံစားခွင့်များ ......................................

၁၁။ ပေးအပ်မည့်လစာနှင့် အခြားခံစားခွင့်များကို ................................
နိုင်ငံခြားငွေဖြင့် ပေးရမည်ဆိုပါက နိုင်ငံခြားငွေကို ..........................
မည်သို့ရရှိနိုင်မည်ကို ဖော်ပြရန်၊ ...................................................

၁၂။ မိသားစုလိုက်ပါလာခြင်း ရှိ၊ မရှိ၊ ...................................................

၁၃။ အမည်ပျက် စာရင်းတွင်ပါဝင်ခြင်း ရှိ၊ မရှိ.........................................

၁၄။ နေထိုင်ခွင့်နှင့် အလုပ် လုပ်ကိုင်ခွင့် ခွင့်ပြုချက် ...............................
..............................................................

၁၅။ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတွင်.......................................
မှတ်ပုံတင်ထားရှိမှု ..........................................................................

**ပုံစံ (စ)**

**နည်းဥပဒေ ၇၄**

**…….........................စက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီ**

**....................မြို့နယ်၊ ………တိုင်းဒေသကြီး/ပြည်နယ်**

စာအမှတ်၊ ……. / စီခန့် / ထခ / ၂၀xx ( xxxxx )

ရက် စွဲ ၊ ၂၀xx ခုနှစ်၊ xxxxxxxxxxx လ xx ရက်

သို့

**သက်ဆိုင်ရာ**

အကြောင်းအရာ။ **ထောက်ခံချက်ပေးပို့ခြင်း**

ရည် ညွှန်း ချက်။ ............Co., Ltd. ၏ xx.xx.၂၀၂x ရက်စွဲပါ တင်ပြစာ

အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ ........မြို့နယ်၊ .........စက်မှုဇုန်ရှိ .........လမ်း၊ မြေကွက်အမှတ်(…......)၊....................Co., Ltd၊ ….............စက်ရုံ၏ xx.xx.၂၀၂x ရက်စွဲပါ လျှောက်ထားချက်အရ အောက်ဖော်ပြပါ နိုင်ငံခြားသား ကျွမ်းကျင်အလုပ်သမား ( ) ဦးနှင့် ပညာရှင် ( ) ဦး အလုပ်လုပ်ကိုင်ရန် လာရောက်သည်မှာ မှန်ကန်ကြောင်း ပူးတွဲပါ အထောက်အထားများနှင့်တကွ ထောက်ခံအပ်ပါသည်–

| စဉ် | အမည် | နိုင်ငံသား | နိုင်ငံကူးလက်မှတ် အမှတ် | နေထိုင်ခွင့်သက်တမ်း ကုန်ဆုံးမည့်နေ့ | ခန့်ထားမည့် ရာထူး |
|---|---|---|---|---|---|
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |

လက်မှတ်–

အမည်–

ရာထူး–

စီမံခန့်ခွဲရေးကော်မတီ

…….............ဇုန်၊ …….........မြို့နယ်

မိတ္တူကို–

ဒေသဆိုင်ရာကော်မတီ (သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်)

ရုံးလက်ခံ